# ဒီမိုကရေစီ မဖော်ဆောင်ပါက
# မြန်မာကို အာဆီယံမကာကွယ်နိုင်တော့

NEJ / ၁၂ ဇူလိုင် ၂၀၀၆ / ၁၇း၀၀

Photo-AFP



ဆာယက်ဟာမစ်အယ်လ်ဘာ

မြန်မာစစ်အစိုးရသည် ဒီမိုကရေစီတိုးတက်ပြောင်းလဲမှုများ မလုပ်ဆောင်ဘဲ ဒေါ်အောင်ဆန်း စုကြည်ကိုလည်း လွှတ်မပေးပါက အာဆီယံက မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ၏ပြစ်တင်မှုများမှ ကာကွယ်ပေးနိုင်မည်မဟုတ်ဟု မလေးရှားနိုင်ငံက ပြောကြားသည်။

အာဆီယံအဖွဲ့ လက်ရှိဥက္ကဋ္ဌ မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆာယက်ဟာမစ်အယ်လ်ဘာက ယခုလနှောင်းပိုင်းတွင် ကျင်းပမည့် အာဆီယံနှစ်ပတ်လည် လုံခြုံရေးဆွေးနွေးပွဲမတိုင်ခင် ထိုသို့ပြောခြင်းဖြစ်သည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

"ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ရှေ့တိုးဆောင်ရွက်ဖို့နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့ ကျနော်တို့က နအဖအစိုးရကို တောင်းဆိုခဲ့တယ်" ဟု ဟာမစ်အယ်လ်ဘာကပြောသည်။

ကျင်းပပြီးစီးခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ဆွေးနွေးပွဲများနှင့် ထိပ်သီးဆွေးနွေးပွဲများ၌လည်း အထက်ပါအတိုင်း တောင်းဆိုခဲ့ပြီးဖြစ်၍ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် မြန်မာအစိုးရက အာဆီယံကို သေသေချာချာကတိပေးသင့်ပြီဟု ၎င်းကပြောသည်။

"မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ဝင် နိုင်ငံတနိုင်ငံအဖြစ် ကျနော်တို့လေးစားတယ်။ ဒါပေမယ့် တချို့ကိစ္စတွေမှာ သတင်းအချက်အလက်နဲ့ လုပ်ဆောင်မှုတွေကို သူတို့က ချက်ချင်းအသိမပေးဘူးဆိုရင်တော့ ကျနော်တို့ကလည်း အဲဒါအတွက်တာဝန်မယူနိုင်ဘူးပေါ့" ဟု မစ္စတာဟာမစ်ကပြောသည်။

မြန်မာပြည်တွင်း၌ ဒီမိုကရေစီပြုပြင်ပြောင်းလဲ လုပ်ဆောင်နေပြီဆိုသည့် စစ်အစိုးရ၏ ပြောစကားမှန်ကန်မှုရှိမရှိလေ့လာရန် ပြီးခဲ့သည့်မတ်လ၌ မြန်မာနိုင်ငံသို့သွားခဲ့သော ဟာမစ်အယ်လ်ဘာကို စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မပေးခဲ့သောကြောင့် ဒေသတွင်းခေါင်းဆောင်များက မြန်မာစစ်အစိုးရအပေါ် စိတ်ပျက်နေသည်။

အပြောနှင့်အလုပ်မညီသော နအဖအစိုးရကို ယခုနှစ်အစောပိုင်းမှစ၍ နိုင်ငံတကာက ဖိအားပေးမှု ပိုများလာချိန်တွင် အာဆီယံက စစ်အစိုးရကို ယခုကဲ့သို့ သတိပေးလာခြင်းဖြစ်သည်။

မြန်မာစစ်အစိုးရကို တွန်းအားပေးရန် အာဆီယံကို ဖိအားပေးသည့်အနေဖြင့် ယမန်နှစ်ဆွေးနွေးပွဲ မတက်ရောက်ခဲ့သော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စကွန်ဒိုလီဇာရိုက်စ်သည် ယခုနှစ်ဆွေးနွေးပွဲကို တက်ရောက်မည်ဖြစ်သည်။ ■